# ၁ နှင့် ၂ ဘုရင်များစာစောင်

Message Two

## ခေတ်ကာလ၏ရှုပါရုံနှင့်အတူ ခေတ်ကာလ၏အမှုဆောင်နောက်သို့ နီးကပ်စွာလိုက်ခြင်းအားဖြင့် ခေတ်ကာလ၏အမှုတော်အထဲသို့ ဝင်ရောက်ရန် အရေးကြီးသော ခရီးစဉ်လေးခု

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၁၈း၂၁-၄၀။ ၁၉း၂-၁၂။ ၂ဘုရင်၊၂း၁-၁၄

**I. ဧလိယသည် သူ့ခေတ်အတွက် ရှုပါရုံနှင့်အတူ ခေတ်ကာလ၏အမှုဆောင် ဖြစ်သည် (ညွှန်း၊ မာလ၊၄း၅-၆။ လု၊၁း၁၃-၁၇၊ ၇၆-၈၀။ မ၊၁၇း၁-၃။ ဗျာ၊၁၁း၃-၁၂။ ခေတ်ကာလတိုင်း၌ သခင်ဘုရားသည် ကိုယ်တော်ပြီးမြောက်လိုသည့် အထူးဖြစ်သောအရာများရှိသည်။ ကိုယ်တော်၌ မိမိကိုယ်ပိုင် ပြန်လည်ရယူခြင်းများနှင့် လုပ်ဆောင်ရမည့် ကိုယ်ပိုင်အလုပ်များ ရှိသည်။ ခေတ်တစ်ခေတ်၌ ကိုယ်တော်ပြုတော်မူသည့် အထူးဖြစ်သော ပြန်လည်ရယူခြင်းနှင့် အလုပ်မှာ ထိုခေတ်၏အမှုတော်ပင် ဖြစ်သည်။ ဧလိယ၏အမှုတော်မှာ သူသည် ဆန့်ကျင်သက်သေခံချက်ဖြစ်၍၊ အစ္စရေးအမျိုးသားတို့အား ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်ကို ပြစ်မှားသော အပြစ်ဖြစ်ကြောင်း ပြောခဲ့သည်။ အစ္စရေးလူအားလုံးတို့သည် ရုပ်တုများကို ကိုးကွယ်ကြသည့်အခါ ဧလိယက သူတို့ကိုးကွယ်သည့် ရုပ်တုများမှာ လွဲမှားသောဘုရားများဖြစ်ကြောင်း၊ ယေဟောဝါသာလျှင် မှန်သောဘုရားသခင် ဖြစ်ကြောင်း ပြောပြခဲ့သည်။**

A. ဧလိယ၏အမည်မှာ “ငါ၏ဘုရားသခင်သည် ယေဟောဝါဖြစ်သည်”ဟု ဆိုလိုသည်။ ဤအရာက သူ၏ သာသနာနှင့် ဝေငှချက်ကို ဖော်ပြခြင်းဖြစ်သည်။ သူသည် ဖမ်းဆီးသိမ်းသွားခြင်းမခံရမီက ရှိခဲ့သော ပရောဖက်များတွင် အပေါ်လွင်ဆုံး၊ ကိုယ်စားပြုအဖြစ်ဆုံးသောသူ ဖြစ်ကာ၊ သူသည် အောင်မြင်သောသူ ဖြစ်သည်။

B. ဧလိယအချိန်က အစ္စရေးလူအားလုံးသည် ဗာလကို ကိုးကွယ်ကြကာ၊ ဧလိယသာလျှင် ယေဟောဝါသည် ဘုရားသခင်ဖြစ်သည်ဟု ပြောခဲ့သည်။ သူသည် အစ္စရေး၏ ဝမ်းနည်းဖွယ်သမိုင်းကြောင်းရှိ အမှောင်မိုက်ဆုံးအချိန်များ၊ သူတို့၏ပျက်စီးယိုယွင်းခြင်းနှင့် မှောင်မိုက်ဖြစ်ခြင်းမှာ အဆိုးဝါးဆုံးဖြစ်သည့်အချိန်မှ တစ်ချိန်တွင် ဘုရားသခင် ထွက်ပေါ်နိုးထစေခဲ့သည့် ပရောဖက်ဖြစ်သည်။ အစ္စရေးနိုင်ငံတော်တစ်ခုလုံးသည် ရုပ်တုကိုးကွယ်ခြင်းစံနမူနာနောက်သို့ လိုက်လျှောက်ခဲ့ကြသည် - ၁ဘုရင်၊ ၁၈း၁၉။

C. သူတို့က ဗာလကို ကိုးကွယ်ခြင်းမှာ အမှန်စင်စစ် သူတို့သည် စာတန်ကို ကိုးကွယ်နေခြင်းဖြစ်သည်။ ၂ဘုရင် ၁း၂ တွင် ဧကြုန် မြို့၏ ဘုရားသည် ဗာလ-ဇေဗုပ်ဖြစ်ကြောင်း ပြောထားသည်။ ဓမ္မသစ်ကျမ်းတွင် ဗေလဇေဗုပ်သည် “ယင်ကောင်များ၏ သခင်”ဟု

ဆိုလိုခြင်းဖြစ်ကာ၊ စာတန်သည် နတ်ဆိုးများ၏ အုပ်စိုးရှင်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ဤနာမည်သည် ဂျူးလူမျိုးတို့က စက်ဆုပ်ရွံရှာစွာဖြင့် ဗေလဇေဗုလဟု ပြောင်းလဲခေါ်ဆိုကြပြီး၊ ယင်းသည် "နောက်ချေးပုံ၏သခင်"ဟု ဆိုလို သည် - မ၊၁၀း၂၅။ ၁၂း၂၄၊၂၇။ မာ၊၃း၂၂။ လု၊၁၁း၁၅။

1. နောက်ချေးပုံ၏သခင်အဖြစ် စာတန်သည် ယင်ကောင်များကို မစင်ပုံကို စားသုံးစေရန် ဦးဆောင်ခြင်း၌ အထူးပင် ကျွမ်းကျင်သည်။ သူသည် ယင်ကောင်များ၏ သခင်လည်း ဖြစ်သည့်အလျောက်၊ ယင်ကောင်များကဲ့သို့သော အပြစ်သားများ အားလုံးသည် "မစင်ပုံကို စားသုံးရန်" စာတန်နောက်သို့ လိုက်ကြသည်။ အာဒံ၏ ကျဆင်းသွားသော မျိုးဆက်များ အားလုံးသည် စာတန်၏ သံ့ပန်းများဖြစ်ကြ၍၊ သူက သူတို့ကို အပြစ်များ ကျူးလွန်စေရန်နှင့် သူတို့အား "အပြစ်၏ ကျေးကျွန်" ဖြစ်စေရန် ဦးဆောင်ခဲ့သည် - ယော၊၈း၃၄။
2. ကျွန်ုပ်တို့သည် တမန်တော်ပေါလု၏ စံနမူနာနောက်သို့ လိုက်ရန် လိုအပ်သည်၊ သူသည် ခရစ်တော်ကို အမြတ်ရယူနိုင် ပါမည့်အကြောင်း အတိတ်က သူ့အဖို့ အကျိုးရှိခဲ့သောအရာများအားလုံးကို သူက "မစင်" (အနည်၊ အမှိုက်၊ အညစ်အကြေး၊ ခွေးအစာ၊ နောက်ချေး) အဖြစ် မှတ်ယူခဲ့သည် - ဖိ၊၃း၅-၈။

D. အာဟပ်သည် သူ့ရှေ့မှာရှိခဲ့သော ရှင်ဘုရင်များအားလုံးထက် ယေဟောဝါ၏ အမျက်တော်ကို နှိုးဆွခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ဧလိယကို နိုးထထွက်ပေါ်စေကာ၊ အစ္စရေးအမျိုးသားတို့သည် ရုပ်တုကိုးကွယ်ခြင်းကြောင့် ဒုက္ခရောက်ရ ပြီဖြစ်ကြောင်း၊ ယေဟောဝါသာလျှင် ဘုရားသခင်ဖြစ်ကြောင်း ကြေညာစေခဲ့သည် - ၁ဘုရင်၊၁၆း၃၃။ ၁၈း၄၊ ၁၇-၁၈၊ ၃၇။

1. ဓမ္မသစ်ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် တမန်တော်ယောဟန်၏ စကားကို အလေးအနက်ထားရန် လိုအပ်သည် "ချစ်သားတို့၊ မိမိတို့ကိုယ်ကို ရုပ်တုဆင်းတုမှ စောင့်ကြပ်ကြဉ်ရှောင်ကြလော့" (၁ယော၊၅း၂၁)။ ရုပ်တုများသည် မှန်သော၊ အစစ်အမှန်ဖြစ်သော၊ ဟုတ်မှန်သော ဘုရားသခင်အဖြစ် ခရစ်တော်ကို လဲလှယ်သည့် သို့မဟုတ် အစားထိုးသည့် အရာမှန်သမျှကို ရည်ညွှန်းသည် (ယော၊၂၀း၂၈-၂၉)။ လူသားယေရှုသည် ဘုရားသခင်ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရန် လိုအပ်သည် (၁း၁-၂။၅း၁၈။ ၁၀း၃၃။ ရော၊၉း၅။ ဖိ၊၂း၆။ ၁ယော၊၅း၂၀)။
2. ယေဟောဝါက ယေဇကျေလအား "အချင်းလူသား၊ ဤလူတို့သည် ကိုယ်စိတ်နှလုံး၌ ကိုယ်ရုပ်တုများကို တည်ထောင် ၍၊ ကိုယ်မျက်နှာရှေ့မှာ ကိုယ်ဒုစရိုက်တည်းဟူသော ထိမိ၍ လဲစရာကို ထားကြပြီ" ဟုပြောခဲ့သည်။ ကျွန်ုပ်တို့စိတ်နှလုံး

ရှိ ရုပ်တုသည် ကျွန်ုပ်တို့အတွင်း၌ သခင်ဘုရားထက် ကျွန်ုပ်တို့ချစ်သောအရာ၊ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ဘုရားကို အစားထိုးလဲလှယ်သောအရာ မှန်သမျှ ပင် ဖြစ်သည် - ယေဇ၊၁၄း၃။

3. *အန္တိခရစ်* ဟူသောစကားလုံးတွင် ဂရိရှေ့ဆက်စကားလုံး *အန္တိ* သည် ဆိုလိုရင်းနှစ်ခု ရှိပြီး၊ ပထမမှာ "ဆန့်ကျင်လျက်"ဟု ဆိုလိုကာ၊ ဒုတိယမှာ "သူ့နေရာတွင်" သို့ မဟုတ် "ထိုအစား"ဟု ဆိုလိုသည်။ အန္တိခရစ်ဖြစ်ခြင်းမှာ တစ်ဖက်တွင် ခရစ်တော် ကို ဆန့်ကျင်ခြင်းဖြစ်၍၊ အခြားတစ်ဖက်တွင် ၎င်းသည် ခရစ်တော်အစား တစ်စုံ တစ်ရာရှိခြင်း၊ ခရစ်တော်နေရာကို တစ်စုံတစ်ရာအစားထိုးခြင်းဖြစ်သည်- ၁ယော၊ ၂း၁၈-၁၉။
4. ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၌ အန္တိခရစ်၏ မူအလေ့အလာ၊ ဘိသိက်ခံသောအရှင်နှင့်ဘိသိက်ပေးခြင်း နှစ်ခုလုံးဖြစ်သည့် ခရစ်တော်ကို အစား ထိုးသော မူအလေ့အလာရှိသော အသက်တာရှိခြင်းမှ ကယ်တင်ပေးဖို့ တောင်း လျှောက်ရန် လိုအပ်သည်။ အန္တိခရစ်၏မူအလေ့အလာရှိသော အသက်ရှင်ခြင်းရှိ ခြင်းမှာ "ဘိသိက်ပေးခြင်းကို ဆန့် ကျင်ခြင်း" မူအလေ့အလာ၊ ကျွန်ုပ်တို့အတွင်း၌ သုံးပါးတစ်ပါးဘုရား၏ လှုပ်ရှားမှု၊ လုပ်ဆောင်မှု၊ ပျော်ဝင်ပြည့်ဝမှုကို ဆန့်ကျင် "အန္တိ"ဖြစ်သော မူအလေ့အလာ၌ အသက်ရှင်ခြင်း ဖြစ်သည် - အငယ်၊၂၀၊ ၂၇။
5. စာတန်၏ရည်မှန်းချက်မှာ ရုပ်တုများနှင့် ဘာသာတရားအမြောက်အများ၏ နောက်ကွယ်မှာ ပုန်းနေခြင်းအားဖြင့် လူ တို့ထံမှ ကိုးကွယ်မှုကို ခံယူရန် ဖြစ်သည် (မ၊၄း၈-၉)။ ရုပ်တုများသည် ၎င်းတို့နောက်ကွယ်တွင် ဝိညာဉ်ဆိုးများ၊ နတ်ဆိုးများ ပုန်းနေလျက်ရှိသည်။ ခမည်းတော်ကို ကိုးကွယ်သူများကို ရှာဖွေနေသည်၊ အကြောင်းမှာ စာတန်သည် ဘုရားသခင်ထံမှ ကိုးကွယ်မှုကို လုယက်ရန် ကြိုးစား နေသောကြောင့်ဖြစ်သည် (ယော၊၄း၂၃-၂၄။ ညွှန်း၊ ၁ယော၊၂း၂၀၊ ၂၇)။

E. လေယသည် ဘုရားသခင်၏သက်သေချက်ကို စောင့်ထိန်းရန်အလို့ငှာ မိမိကိုယ်ပိုင် အသက်တာအတွက် ဂရုစိုက်ခြင်းမရှိသောမူအလေ့အလာကို ကိုယ်စားပြုသည်။ သူ သည် သန့်စွမ်း၍၊ ရဲဝံ့သူဖြစ်ကာ၊ ရှင်ဘုရင်၊ လူများနှင့် ဗာလ၏ပရောဖက် လေးရာ ငါးဆယ်ရှေ့တွင် ရပ်တည်ခဲ့သည်။ အသင်းတော်သည် ပျက်စီးယိုယွင်း၍၊ ယုံကြည်သူ အများပိုင်းသည် မပူမအေး ဖြစ်လာသောအခါ၊ ဘုရားသခင်သည် ဆန့်ကျင်သက်သေ ခံချက်ဖြစ်စေရန် အောင်မြင်သောသူများ၊ မိမိတို့အသက်အတွက် ဂရုစိုက်ခြင်းမရှိဘဲ၊ ဘုရားသခင်၏အလိုတော်အတွက်သာ ဂရုစိုက်သောသူများကို နိုးထထွက်ပေါ်လာစေ သည် ("ငါ၏ သက်သေ၊ ငါ၏သစ္စာရှိသောသူ အန္တိပ - စာတန်၏ နေရာအရပ် တည်းဟူ

သော သင်တို့အလယ်တွင် အသေသတ်ခြင်းကို ခံရသူ" ကဲ့သို့သောသူများ) - ဗျာ၂း၁၃-၁၄။၁၂း၁၁။

**II. ယာကုပ် ၅း၁၇ နှင့် ၁၈ တွင် "ဧလိယသည် ငါတို့ကဲ့သို့ ခံစားတတ်သောသူ ဖြစ်သော်လည်း၊ မိုး မရွာမည်အကြောင်း စိတ်အား ထက်သန်စွာ ဆုတောင်းသောအခါ၊ သုံးနှစ်နှင့်ခြောက်လ ပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲ နေ၏။ တစ်ဖန် ဆုတောင်းသောအခါ၊ ကောင်းကင်သည် မိုးရွာစေ၏။ မြေကြီးသည်လည်း မိမိအသီးကို သီးလေ၏"ဟု ပြောထားသည်။**

A. ဧလိယသည် "စိတ်အားထက်သန်စွာ"ဆုတောင်းခြင်းမှာ တိုက်ရိုက်အနေဖြင့် သူသည် "ဆုတောင်းခြင်း၌ ဆုတောင်းခြင်း" ဖြစ်ကြောင်း ဆိုလိုသည်။ ဤသည်မှာ သခင်ဘုရားထံမှ ဆုတောင်းခြင်းကို ဧလိယထံ ပေးခဲ့ပြီဖြစ်ကြောင်း၊ ၎င်း၌ သူသည် ဆုတောင်းခဲ့ကြောင်း ညွှန်ပြနေသည်။

B. သူသည် မိမိ၏ခံစားချက်၊ စဉ်းစားမှု၊ ရည်ရွယ်ချက် သို့မဟုတ် စိတ်ထား သို့မဟုတ် မိမိ၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းဖို့ ပတ်ဝန်းကျင် သို့မဟုတ် အခြေအနေများမှ ထွက်ပေါ်လာသည့် လှုံ့ဆော်မှုတစ်စုံတစ်ခု၌ ဆုတောင်းခဲ့ခြင်းမဟုတ်ပါ။ သူသည် သခင်ဘုရားက ကိုယ်တော်၏အလိုတော် ပြီးမြောက်စေဖို့ရာ သူ့ကို ပေးခဲ့သော ဆုတောင်းခြင်း၌ ဆုတောင်းခဲ့ခြင်း ဖြစ်သည် - ညွှန်း၊ဆာ၂၇း၄။ယော၁၅း၇။

C. ကရမေလတောင်ပေါ်တွင် ဧလိယသည် အစ္စရေးလူများအားလုံးနှင့် ဗာလ၏ပရောဖက် လေးရာငါးဆယ်တို့အား "သင်တို့ သည် ခံယူချက်နှစ်ခု၏ စပ်ကြားမှာ အဘယ်မျှ ကာလပတ်လုံး ကူးပြောင်းလျက် နေကြလိမ့်မည်နည်း။ ယေဟောဝါသည် ဘုရားသခင် မှန်လျှင် ကိုယ်တော့်နောက်သို့ လိုက်ကြလော့။ ဗာလသည် ဘုရားသခင် မှန်လျှင် သူ့နောက်သို့ လိုက်ကြလော့" ဟု ပြောခဲ့သည် - ၁ဘုရင်၁၈း၂၁။

1. ဧလိယသည် "အာဗြဟံ၊ ဣဇာက်၊ အစ္စရေးတို့၏ ဘုရားသခင် ယေဟောဝါ"ထံသို့ ဆုတောင်းခဲ့ပြီး၊ "ယေဟောဝါ၏မီးသည် ကျသဖြင့်၊ မီးရှို့ရာပူဇော်သက္ကာ အစရှိသောထင်း၊ ကျောက်၊ မြေမှုန့်ကို လောင်၍ ကျုံး၌ရှိသော ရေကိုလည်း ခန်းခြောက်စေ၏" - အငယ်၊၃၆-၃၈။

2. "လူအပေါင်းတို့သည် မြင်လျှင် ပျပ်ဝပ်၍၊ ယေဟောဝါ-ကိုယ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၏။ ယေဟောဝါ-ကိုယ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၏ ဟု ဝန်ခံကြ၏။" ထိုနောက် ဗာလ၏ပရောဖက် လေးရာငါးဆယ်အားလုံးသည် စီရင်ကွပ်မျက်ခံရလေသည် - အငယ်၊၃၉-၄၀။

3. ယေဇဗေလသည် ဤအကြောင်းကို ကြားသောအခါ၊ သူမသည် ဧလိယကို သတ်ရန် ခြိမ်းခြောက်ခဲ့သည်။ ဧလိယသည် သူ၏အားနည်းချက်၌ ကြောက်ရွံ့ခြင်း ရှိသောကြောင့် မိမိအသက်အတွက် ထွက်ပြေးခဲ့ရသည်။ သူသည် ဘုရားသခင်၏တောင် ဟောရပ်တောင်သို့ နေ့ပေါင်းလေးဆယ်နှင့်ညပေါင်းလေးဆယ် သွားခဲ့ပြီး၊ ဥမင်အထဲသို့သွားကာ၊ ထိုနေရာ တွင် နေထိုင်ခဲ့သည် - အငယ်၊၁၉း၂၊ ၉-၁၀။

D. ဧလိယသည် ဘုရားသခင်၏တောင်တွင် ရှိနေစဉ်အခါ ချက်ချင်းပင် ယေဟောဝါသည် ဖြတ်လျှောက်လာခဲ့ပြီး၊ ကိုယ်တော်သည် လေ၊ မြေကြီးလှုပ်ခြင်း သို့မဟုတ် မီးတို့၌ မရှိခဲ့ပါ။ မီးပြီးနောက် ဘုရားသခင်သည် ဧလိယထံ “နူးညံ့သော၊ တိုးညင်းသောအသံ”၌ စကားပြောခဲ့သည်။ ဤသည်မှာ ဘုရားသခင်သည် ဧလိယကို ဓမ္မသစ်ခေတ်အထဲသို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ညွှန်ပြနေပြီး၊ ၎င်း၌ ဘုရားသခင်သည် ကိုယ်တော်၏လူများအား မိုးခြိမ်းသံဖြင့်မဟုတ်ဘဲ၊ နူးညံ့စွာနှင့် တိုးညင်းစွာ စကားပြောနေခြင်းဖြစ်သည် - အငယ်၊၁၁-၁၂။ ရော၊၈း၆ခ။ ၂ကော၊၂း၁၃။ ၁ယော၊၂း၂၇။

E. ထိုနောက် ဘုရားသခင်က “ဗာလရှေ့၌ ဒူးထောက်ခြင်း၊ နှုတ်ဖြင့် နမ်းခြင်းကို မပြုသောသူ အပေါင်းတည်းဟူသော အစ္စရေး အမျိုးသား ခုနစ်ထောင်တို့ကို ငါ့အဖို့ ငါ ကျန်ကြွင်းစေပြီ”ဟု ပြောခဲ့သည် (၁ဘုရင်၊၁၉း၁၈။ ရော၊၁၁း၂-၅)။ ဤသစ္စာရှိသော အောင်မြင်သောသူများမှာ ကိုယ်တော်၏ “ဝှက်ထားသောသူများ” (ဆာ၊၈၃း၃ခ) ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဘုရားသခင်သည် “မိမိကိုယ်ကို ဝှက်ထားတော်မူသော ဘုရားသခင်” ဖြစ်သည် (ဟေရှာ၊၄၅း၁၅)။

**III. ဧလိရှဲသည် ဧလိယနောက်သို့ ဂိလဂါလမှ ဗေသလသို့၊ ဗေသလမှ ယေရိခေါသို့၊ ယေရိခေါမှ ယော်ဒန်မြစ်သို့ လိုက်သွားခဲ့ခြင်းမှာ ဓမ္မသစ်ခေတ်ကာလ၏ အမှုတော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့သည် ခေတ်ကာလ၏ရုပါရုံအတိုင်း ခေတ်ကာလ၏ အမှုဆောင်နောက်သို့ ပင်ကိုမူလဆိုင်ရာ လိုက်သင့်ကြောင်း ပြသနေခြင်းဖြစ်သည်။ ဤသို့ပြုရန် ကျွန်ုပ်တို့သည် အရေးကြီးသော နေရာလေးခုကို ဖြတ်ကျော်၍ သခင်ဘုရားနောက်သို့ လိုက်ရမည်ဖြစ်သည် - ၂ဘုရင်၊၂း၁-၁၄။**

A. ဧလိယသည် ဓမ္မဟောင်းစီမံကိန်းနှင့်အတူ ဓမ္မဟောင်းခေတ်၏ ပုံဆောင်ချက်ဖြစ်ပြီး၊ ဧလိရှဲသည် ဓမ္မသစ်စီမံကိန်းနှင့်အတူ ဓမ္မသစ်ခေတ်၏ ပုံဆောင်ချက်ဖြစ်သည်။

B. ခေတ်ကာလသည် ဘုရားသခင်၏လူများက မိမိတို့၏အသွေးအသားကို ဆက်ဆံဖြေရှင်းရန် အရေဖျားလှီးခြင်းခံရာနေရာ ဂိလဂါလကို ဖြတ်သန်းခြင်းအားဖြင့် ပြောင်းလဲလာခဲ့သည်။ ၎င်းမှာ အသွေးအသားသည် တရားစီရင်ခံရရာနေရာ၊ အသွေး အသားကို

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

စီရင်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို အလင်းပေးရာနေရာ ဖြစ်သည် - ယောရှု၊၅း၂-၉။ ဂလ၊၅း၂၄။ ဖိ၊၃း၃-၈။

1. အသွေးအသားသည် ကျွန်ုပ်တို့၏မွေးဖွားခြင်းမှ ကျွန်ုပ်တို့ပိုင်ဆိုင်ရသည့်အရာခပ်သိမ်းဖြစ်သည် (ယော၊၃း၆)။ အသွေးအသားသည် ကျဆင်းသော သုံးပိုင်းရှိ လူသား၏ အဆုံးစွန်ထင်ရှားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန် သိနားလည်ရခြင်းဖြစ်သည်။ ကျဆင်းသောအသွေးအသားသည် ဘုရားသခင်၏ အသန်စွမ်းဆုံးသော၊ အဆိုးညစ်ဆုံးသော ရန်သူဖြစ်ကာ (ရော၊၇း၅-၈း၁၃)၊ ဘုရားသခင် အကုန်အစင်၊ အကြွင်းမဲ့ မုန်းတီးတော်မူသည် (က၊၆း၃။ ၁ကော၊၂း၁၄-၁၆။ ၃း၁၊ ၃)။
2. ကျွန်ုပ်တို့မွေးဖွားခြင်းမှ ကျွန်ုပ်တို့ပိုင်ဆိုင်ရသောအရာအားလုံး - အပြစ်၊ မစင်ကြယ်မှုနှင့် ယိုယွင်းပျက်စီးခြင်းတို့သာ မက၊ ဇာတိကောင်းမွန်ခြင်း၊ ကြင်နာခြင်း၊ ပင်ကိုစွမ်းရည်၊ ဖွဲ့လုံ့လ၊ ဉာဏ်ပညာနှင့် တတ်စွမ်းနိုင်မှု - တို့သည် ဘုရားသခင်အဖို့ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။
3. အသွေးအသားကို ငြင်းပယ်ခြင်းသည် ဝိညာဉ်ရေးရာအသက်တာ၏ အမြင့်မားဆုံးထင်ရှားမှုဖြစ်သည်။ အသွေးအသားကို ငြင်းပယ်ရန် သင်ယူခြင်းမရှိသောသူ အားလုံးတို့သည် ဝိညာဉ်ရေးရာလမ်းကြောင်းကို အစပြုခြင်းမရှိကြသေးပါ၊ သူတို့သည် ဝိညာဉ်ရေးရာအသက်တာကို အမှန်တကယ် မသိကြပါ။

C. ခေတ်ကာလသည် လောကကို စွန့်၍ ဘုရားသခင်ထံ အကြွင်းမဲ့လှည့်ပြန်လာရာနေရာ၊ ဘုရားသခင်ကို အရာခပ်သိမ်းအဖြစ် ယူဆောင်သည့်နေရာ ဗေသလကို ဖြတ်သန်းခြင်းအားဖြင့် ပြောင်းလဲခဲ့သည်။ ဗေသလသည် လောကအပေါ် အောင်နိုင်ခြင်းကို ရည်ညွှန်းသည် - က၊၁၂း၈။ ၁ယော၊၂း၁၅။

1. ကမ္ဘာဦး ၁၂း၈ အရ ဗေသလသည် အာဗြဟံက ယဇ်ပလ္လင်ကို တည်ဆောက်ရာနေရာ၊ ဘုရားသခင်နှင့် မိတ်သဟာယပြုခြင်း၊ ဆက်သွယ်စကားပြောခြင်း ရှိရာနေရာ ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့က ဘုရားသခင်ထံ မိမိကိုယ်ကို ဆက်ကပ်အပ်နှံကြသည့်နေရာ၊ လောကကို အောင်မြင်ရန် ကိုယ်တော်ထံ လုံးဝ ပေးအပ်ကြရာနေရာဖြစ်သည် - ၁၃း၃-၄။
2. လောကအပေါ် အောင်နိုင်ခြင်းသည် ချီဆောင်ခံရရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို လက်ခံရရှိရန်အတွက် သတ်မှတ်ချက်ဖြစ်သည်။ ယုံကြည်သူတစ်ဦးသည် အမှန်ပင် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝလိုပြီး၊ ချီဆောင်ခြင်းခံရလိုလျှင် သူသည် လောကကို စွန့်လွှတ်ရန်နှင့် လုံးလုံး ဆက်ကပ်အပ်နှံခြင်း ယဇ်

ပလ္လင်အပေါ် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းငှာ သင်ယူရန် အဖိုးအခပေးရမည်ဖြစ်သည်။

D. ခေတ်ကာလသည် ယေရိခေါကို ဖြတ်သန်းခြင်းအားဖြင့် ပြောင်းလဲလာခဲ့သည်။ ၎င်းသည် ယောရှုနှင့် အစ္စရေးလူတို့က ကောင်းသောမြေအထဲသို့ ဝင်ရောက်သည့်အခါ ပထမဆုံး တိုက်ခိုက်အနိုင်ရသည့် မြို့တော်ဖြစ်ကာ၊ ယင်းသည် ဘုရားသခင်၏ရန်သူစာတန်ကို ပုံဆောင်သည် - ယောရှု၊၆။ ဗျာ၊၁၂း၁၁။

1. ယောရှု ၆ တွင် "ကျိန်ခြင်း"ဟုဆိုလိုသော ယေရိခေါကို အောင်မြင်ခြင်းအကြောင်း ပြောထားသည်။ ခါနနိလူတို့သည် ဧဖက် ၆း၁၂ တွင် ဖော်ပြထားသည့် ကောင်းကင်ဆိုင်ရာများရှိ ဆိုးညစ်သော ဝိညာဉ်ရေးရာအင်အားစုများကို ပုံဆောင်သည်။
2. စာတန်သည် ဤလောကကို အစိုးရသူဖြစ်ကာ (ယော၊၁၄း၃၀)၊ ဝိညာဉ်ဆိုးများသည် ယနေ့၏လောကကို ရည်ညွှန်းသည့် ဤမှောင်မိုက်၏ လောကအစိုးရများဖြစ်ကြသည်။ ဝိညာဉ်ဆိုးများသည် ပုန်ကန်သော ကောင်းကင်တမန်များ ဖြစ်ကြပြီး၊ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ရာတွင် စာတန်နောက်လိုက်သူများ၊ ယခုတွင် လောက၏တိုင်းနိုင်ငံများ - ပေရသိမင်းသားနှင့် ဂရိမင်းသား အစရှိသည့်သူတို့အပေါ် ကောင်းကင်ဆိုင်ရာများ၌နေကာ အစိုးရနေသူများဖြစ်ကြသည် (ဒံ၊၁၀း၂၀)။
3. ကျွန်ုပ်တို့သည် "ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်သော"သူများ ဖြစ်ရန် လိုအပ်သည် (ဧ၊၆း၁၁၊ ၁၃)။ ဘုရားသခင်၏လက်နက်စုံသည် ခရစ်တော်ကိုယ်ခန္ဓာတော် တစ်ခုလုံးအတွက် ဖြစ်ကာ၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်တစ်ဦးချင်းဆိုင်ရာအတွက် မဟုတ်ပါ။ ကျွန်ုပ်တို့သည် တစ်ဦးချင်းဆိုင်ရာ၌မဟုတ်ဘဲ ကိုယ်ခန္ဓာတော်၌ ဝိညာဉ်ရေးရာစစ်ပွဲကို တိုက် ခိုက်ရမည်ဖြစ်သည်။
4. လောကကို အောင်မြင်ရန် နည်းလမ်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ရန်၊ နှုတ်ကပတ်တော်အတိုင်း ပြုမူရန် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်၍၊ နှုတ်ကပတ်တော်သယ်ဆောင်ခြင်း၏ ရလဒ်ကို ကျွန်ုပ်တို့ရရှိ လိမ့်မည်ဖြစ်ကြောင်း ယုံကြည်ခြင်း ဖြစ်သည် (၂ကော၊၄း၁၃။ ယော၊၁၇း၁၇။ ၆း၆၃။ ဧ၊၆း၁၇-၁၈)။ အစ္စရေးလူမျိုးတို့က ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် အမှီပြု၍၊ သူတို့၏အနေအထား၌ မြဲမြံစွာ ရပ်တည်ကြခြင်းအားဖြင့် ယေရိခေါသည် ပြိုလဲခြင်းဖြစ်သည်။ သခင်ဘုရားသည် မာရ်နတ်အားဖြင့် သုံးကြိမ် စုံစမ်းသွေးဆောင်ခံရသည့်အခါ သခင်ဘုရားက "ကျမ်းစာလာသည်ကား"ဟု သုံးကြိမ် တုန့်ပြန်ခဲ့သည် (မ၊၄း၄၊ ၇၊ ၁၀)။

5. ဝိညာဉ်ဆိုးများ၏ တိုက်ခိုက်မှုကို အောင်မြင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် မိမိတို့၏ အခြေအနေမှန်သမျှကို လျစ်လျူရှုကာ၊ ဘုရားသခင်၏ကတိတော်စကား၌ ယုံကြည်ရန် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်က ကျွန်ုပ်တို့ကို ပေးထားခဲ့သည့် ကောင်းကင်များ၌ရှိခြင်း အနေအထား၌ ရပ်တည်ကာ၊ စာတန်နှင့် သူ၏ဝိညာဉ်ဆိုးတို့အား သူတို့၏နိမ့်ကျသော အနေအထားသို့ ချပစ်လိုက်ရမည်ဖြစ်သည် - ၂ကော၊၄း၁၃။ ဧ၊ ၂း၆။ ကော၊၃း၁-၂။
6. ယေရိခေါ၌ယဇ်ပုရောဟိတ်များက သေတ္တာတော်ကိုထမ်းခြင်းမှာ ဝိညာဉ်ရေးရာ စစ်ပွဲ၌ ကျွန်ုပ်တို့လုပ်သင့်သည့် ပထမ ဆုံးအရာသည် ခရစ်တော်ကို ချီးမြှောက်ရန်၊ ကိုယ်တော်ကို အရာခပ်သိမ်း၌ ပထမနေရာ၊ အဦးဆုံးနေရာပေးရန် ဖြစ်ကြောင်း ပုံဆောင်သည်။ (မြို့တော်ပတ်လည်၌ ခုနစ်ကြိမ်) တံပိုးများကို မှုတ်ခြင်းနှင့် ဟစ်အော်ခြင်းသည် သွန်သင်လမ်း ညွှန်ပေးသော ဘုရားသခင်၏နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းမှတစ်ဆင့် ခရစ်တော် (သေတ္တာတော်) နှင့်အတူ ဘုရားသခင်ကို သက်သေခံခြင်းနှင့် ကြွေးကြော်ခြင်းအား ပုံဆောင်သည် - ယောရှု၊၆း၁-၂၀။

E. ခေတ်ကာလသည် ယောဒန်မြစ်ကို ဖြတ်သန်းခြင်းအားဖြင့် ပြောင်းလဲခဲ့သည်။ ဓမ္မသစ်ဗတ္တိဇံခံခြင်း အစပြုရာ ဤမြစ်သည် သေခြင်းကို ပုံဆောင်သည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းမှာ အသက်ရှင်ရန်နှင့် ရှင်ပြန်ထမြောက်ခြင်း၌ အမှုဆောင်ရန် အလို့ငှာ သေခြင်းကို အောင်မြင်ခြင်းဖြစ်သည် - မ၊၃း၅-၆။ ရော၊၆း၃-၄။ ဂလ၊၂း၂၀။

1. သခင်ဘုရား၏ ဗတ္တိဇံခံခြင်းသည် အသေခံခြင်းကို ပုံဆောင်ပြီး၊ ရေထဲမှ ကိုယ်တော်ထွက်လာခြင်းမှာ ရှင်ပြန်ထ မြောက်ခြင်းကို ပုံဆောင်သည်။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် သခင်ဘုရားသည် သေခြင်းကို အောင်မြင်ခဲ့သည်။ ဗတ္တိဇံခံခြင်းအားဖြင့် ကိုယ်တော်သည် နောက်ပိုင်းသုံးနှစ်ခွဲတွင် အမှန်ပင် အသေခံ၍ ရှင်ပြန်ထမြောက်ခြင်းမရှိမီကပင်၊ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်၍ အမှုဆောင်နိုင်ခဲ့သည် - မ၊၃း၁၃-၁၇။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဤရှင်ပြန်ထမြောက်ခြင်းအသက်အဖြစ် ကျွန်ုပ်တို့ အသစ်မွေးဖွားခဲ့သည့်အချိန်၌ ရရှိခဲ့ကြပြီဖြစ်သည်။ လူ-ဘုရားဖြစ်သည့် ယေရှုသည် ကားတိုင်ပေါ်သံမှိုရိုက်ခြင်းခံကာ၊ တရားမဲ့သောလူတို့၏လက်ဖြင့် သေစေခြင်းခံရသည်၊ သို့သော် "ထိုသူကို သေခြင်းဝေဒနာသည် အစဉ် ချုပ်ကိုင်၍ မဖြစ်နိုင်သည်နှင့် ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍ ထမြောက်စေတော်မူပြီ" - တ၊၂း၂၃-၂၄။ ယော၊၁၁း၂၅။ ၁ပေ၊၁း၃။

3. အသက်၏သစ်လွင်ခြင်း၌ လျှောက်လှမ်းခြင်းမှာ ကျွန်ုပ်တို့၏ဗတ္တိဇံခံခြင်း စစ်မှန်ခြင်း၌ အသက်ရှင်ခြင်း ဖြစ်သည် (ရော၊၆း၄)။ ဝိညာဉ်၏သစ်လွင်ခြင်း၌ အစေခံခြင်းမှာ ကျွန်ုပ်တို့၏ဗတ္တိဇံခံခြင်း စစ်မှန်ခြင်း၌ အစေခံခြင်းဖြစ်သည် (၇း၆)။
4. ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို သိကျွမ်းခြင်းအားရှာဖွေဆည်းပူးရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ ဇာတိအသက်အားဖြင့် မဟုတ်ဘဲ၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်ခြင်းအားဖြင့် ကားတိုင်ကို ထမ်းရန် ဆုံးဖြတ်ကြပြီး၊ ကားတိုင်တော်ဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့် အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူရန် တတ်စွမ်းနိုင်ကြခြင်းဖြစ်သည် - ဖိ၊၃း၁-၁၂။ မ၊၁၆း၂၄။ သီ၊၂း၈-၁၀၊ ၁၄။
5. ချီဆောင်ခံရရန် ပြင်ဆင်နေကြစဉ်မှာပင် ကျွန်ုပ်တို့သည် ယောဒန်မြစ်ကို ဖြတ်ကူး၍ သေခြင်းကို အောင်မြင်ရန် နည်းလမ်းကို သင်ယူကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ တည်ရှိနေသည့် သေခြင်း၏တန်ခိုးကို ခုခံတွန်းလှန်ရန် သင်ယူကြရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်သော သခင်ဘုရားထံ ပေါင်းစည်းဆက်နွှယ်နေကြောင်း လက်တွေ့ပြသ၍ ထင်ရှားစေရန်နှင့် အရာခပ်သိမ်း၌ ကိုယ်တော်ကို ရှင်ပြန်ထမြောက်ခြင်း တန်ခိုးအဖြစ် သိကျွမ်းခြင်းနှင့် ထင်ရှားခြင်းရှိစေရမည်ဖြစ်သည် - ၁ကော၊၆း၁၇။ ၂ကော၊ ၁း၈-၉။ ၅း၄။ ၃း၁၇။ ညွှန်း၊ ၄း၅၊ ၁၀-၁၂။
6. ကားတိုင်အသက်တာသည် ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် အသက်ရှင်ခြင်းဖြစ်ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၏ ကြွယ်ဝခြင်းများအားဖြင့် ခွန်အားဖြည့်ပေးခြင်းဖြစ်သည် (ဖိ၊၃း၁၀)။ သီချင်းတကာ့သီချင်း၏ နိဂုံးချုပ်စကားမှာ ခရစ်တော်၏ချစ်သောရှာဖွေသူက သူမ၏ချစ်သူအား ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော် (သမင်နှင့် ဒရယ်သငယ်) ၌ အလျင်အမြန်ပြန်လာ၍၊ ကိုယ်တော်၏ ချို့မြိန်၍ လှပသော နိုင်ငံတော် (နံ့သာတောင်များ) ကို တည်ထောင်စေခြင်းငှာ ဆုတောင်းခြင်းဖြစ်သည်၊ ယင်းသည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းလိမ့်မည်ဖြစ်သည် (ဧး၁၃-၁၄။ ဗျာ၊၁၁း၁၅။ ဒံ၊၂း၃၅)။

F. ကျွန်ုပ်တို့သည် ဧလိယ၏ ချီဆောင်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးနှင့်အတူ ဝိညာဉ်၏နှစ်ဆသောဝေစုကို ရရှိလိုသည်ဆိုလျှင် (၂ဘုရင်၊၂း၉-၁၅)၊ ကျွန်ုပ်တို့သည် ဂိလဂါလ၊ ဗေသလ၊ ယေရိခေါ်နှင့် ယော်ဒန်မြစ်တို့ကို ဖြတ်ကျော်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ဓမ္မဟောင်းခေတ်မှ ဓမ္မသစ်ခေတ်သို့ ခေတ်ကို ပြောင်းလဲစေရန်အလို့ငှာ ကျွန်ုပ်တို့သည် အသွေးအသားကို ဆက်ဆံဖြေရှင်းရမည်

(ဂလ၊၅း၂၄။ ဖိ၊၃း၃)၊ လောကကို စွန့်၍ ဘုရားသခင်ထံ လှည့်ပြန်လာရမည် (ယာ၊၄း၄။ ၁ယော၊၂း၁၅-၁၇)၊ စာတန်ကို အနိုင်ယူရမည် (ဧ၊၆း၁၀-၂၀။ ဗျာ၊၁၂း၁၁)၊ သေခြင်းကို ဖြတ်ကျော်၍ ရှင်ပြန်ထမြောက်ခြင်း၌ရှိသည့် အသက်ရှင်ခြင်းအထဲသို့ ဝင်ရောက်ရမည် (ရော၊၆း၃-၄။ ဂလ၊၂း၂၀) ဖြစ်သည်။

**IV. ဤမျက်မှောက်ခေတ်သည် အောင်မြင်သောသူများ၏ခေတ်ဖြစ်ကာ၊ မျက်မှောက်ခေတ် အမှုဆောင်များမှတစ်ဆင့် ဤမျက်မှောက်ခေတ်၏အမှုတော်မှာ သခင်ဘုရားက အောင်မြင်သောသူများ (ထာဝရဖြစ်ခြင်းရူပါရုံကို မြင်သောသူများ၊ ထာဝရဖြစ်ခြင်းအသက်ကို အသက်ရှင်သူများ၊ ထာဝရဖြစ်ခြင်းအလုပ်ကို လုပ်ဆောင်သူများ - ဤသည်မှာ ဘုရားသခင်၏ အဆုံးစွန်ပန်း တိုင်ကိုမြင်၍ ယေရုရှလင်မြို့သစ်ကို ရှင်ထွက်ကာ လုပ်ဆောင်ထွက်ပေါ်စေခြင်း) ကို ခေါ်နေသည့်အသံဖြစ်သည်။ ဤအောင်မြင်သောသူများသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကို တည်ဆောက်ခြင်း၊ ခရစ်တော်၏သတို့သမီးကို ပြင်ဆင်ခြင်းနှင့် ခရစ်တော်၏နိုင်ငံတော် ထင်ရှားထွက်ပေါ်စေခြင်းအတွက် ဖြစ်သည်။ ဤနောက်ဆုံးသောနေ့ရက်များ၌ ဘုရားသခင်၏ အဆုံးစွန်သောလိုအပ်ချက်ကို ဖြည့်ဆည်းရန် အလို့ငှာ ကျွန်ုပ်တို့သည် အောင်မြင်သောသူများဖြစ်ရန်၊ နိုးကြားရှင်သန်သူများ ဖြစ်ရန် ဆုံးဖြတ်ချက်ပြတ်သားစွာ ချမှတ်ရမည်ဖြစ်သည် - သူကြီး၊၅း၁၅-၁၆၊ ၃၁။ ဗျာ၊၂း၇၊ ၁၁၊ ၁၇၊ ၂၆-၂၉။ ၃း၅-၆၊ ၁၂-၁၃၊ ၂၁-၂၂။**